# ၁၄ ရာစုအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာပုံ

ပါရဂူ (Ph D ) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မချိုချိုလွင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် မြန်မာသက္ကရာဇ် (၆၆၂မှ ၇၆၂) ခုနှစ် ၁၄ ရာစုအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်ပုံကို အခန်းပေါင်း ၄ခန်းဖြင့် တင်ပြထားသော ကျမ်းဖြစ်ပါသည်။ ရှေးဦးစွာ နိဒါန်းပိုင်း၌ ခေတ်ကာလအခြေအနေနှင့် ကျမ်းအတွက် လုပ်ဆောင်ရမည့် တာဝန်များကို တင်ပြထားခြင်းဖြစ်ပါသည်။ အခန်း၁သည် မြန်မာဘာသာစကား အပိုင်း ဖြစ်ပါသည်။ ဘာသာစကားအကြောင်းနောက်ခံ၊ ဘာသာစကားမျိုးရိုး၊ ဘာသာစကား၏ သွင်ပြင် လက္ခဏာများ၊ မြန်မာဘာသာစကားနှင့် အခြားဘာသာစကားများ ဆက်စပ်မှုတို့ကို တင်ပြထားခြင်း ဖြစ်ပါသည်။ အခန်း၂သည် စာအရေးအသားနှင့် စကားသံဖွဲ့ပုံအပိုင်းဖြစ်သည်။ စာအရေးအသား ဖွင့်ဆိုချက်များ၊ မြန်မာစာအရေးအသားစနစ်နှင့် စကားသံဖွဲ့မှုဆိုင်ရာ ဝဏ္ဏတည်ဆောက်မှုအပိုင်းကို တင်ပြထားပါသည်။ အခန်း၃သည် သဒ္ဒါဖွဲ့ပုံအပိုင်းဖြစ်ပါသည်။ ၁၄ ရာစုအတွင်း မြန်မာစကားလုံး များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ဧကဝဏ္ဏစကားလုံးမှသည် စကားလုံးအချင်းချင်း ပေါင်းစပ်တီထွင်လာပုံ တို့ကိုပါ တင်ပြထားပါသည်။ ပုဒ်ဖွဲ့စည်းပုံ၊ ဝါကျဖွဲ့စည်းပုံတို့ကို ဖော်ပြထားပါသည်။ အခန်း၄ သည် အနက်အဓိပ္ပာယ် ဖွံ့ဖြိုးတိုးတက်မှုအပိုင်း ဖြစ်ပါသည်။ စကားလုံးတို့၏ အနက်အဓိပ္ပာယ် ဆက်သွယ်မှုအပိုင်းကို အတ္ထဗေဒအမြင်ဖြင့် စုစည်းပြထားပါသည်။ တစ်ဖန် မွေးစားစကားလုံးများကြောင့် ဖွံ့ဖြိုးပုံ၊ ကြိယာပွားများကြောင့် ဖွံ့ဖြိုးပုံ၊ ကာရန်အသုံး အလင်္ကာအသုံး များကြောင့် ဖွံ့ဖြိုးပုံတို့ကိုပါ တင်ပြထားပါသည်။ ခြုံငုံသုံးသပ်ချက်အပိုင်း၌ ကျမ်းတစ်အုပ်လုံးတွင် ပါဝင်သော အကြောင်းအရာများကို ပြန်လည်သုံးသပ် တင်ပြထားပါသည်။